# နိုင်ငံတကာလေကြောင်းခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များနှင့် နယ်စပ် ဝင်ထွက်ဂိတ်များမှတစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့်ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ (၁- ၃ -၂၀၂၄)

၁။ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံသို့ဆိုက်ရောက်ချိန်တွင် သက်ဆိုင်ရာ ဝင်ထွက်ဂိတ် ကျန်းမာရေးအရာရှိများက ဆောင်ရွက်သော ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် လိုအပ်သော ကျန်းမာရေးစစ်ဆေးခြင်းတို့ကို ခံယူရမည်။

၂။ နိုင်ငံခြားသားခရီးသည်များအနေဖြင့် မြန်မာနိုင်ငံအတွင်း နေထိုင်စဉ် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ (ကိုဗစ်-၁၉ ရောဂါအပါအဝင်) ဖြစ်ပေါ်လာပါက ကုန်ကျစရိတ်များအား မိမိစရိတ်ဖြင့် ကျခံရမည်ဖြစ်သည်။ ကျန်းမာရေးအာမခံ ဝယ်ယူလိုပါက မြန်မာ့အာမခံ လုပ်ငန်း website Myanma Insurance (mminsurance.gov.mm) တွင် လေ့လာဝယ်ယူ နိုင်ပါသည်။

၃။ မြန်မာနိုင်ငံတွင် နေထိုင်စဉ်အတွင်း ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက ခရီးသွားများအနေဖြင့် မိမိတို့ရောက်ရှိရာဒေသရှိ ကျန်းမာရေးဌာနသို့ သတင်းပေးပို့ရမည်။

၄။ ခရီးသည်များအနေဖြင့် သက်ဆိုင်ရာကျန်းမာရေးဌာန၏ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာရမည်ဖြစ်ပြီး လိုက်နာရန်ပျက်ကွက်ပါက ဥပဒေအရအရေးယူ ဆောင်ရွက်သွားမည်။

၅။ ဤပြည်သူ့ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက်များသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲမှု ရှိနိုင်ပါသည်။

၆။ ဤပြည်သူ့ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက်များသည်၁-၃-၂၀၂၄ရက်နေ့၊ မြန်မာစံတော်ချိန် ၀၀:၀၁ နာရီမှ စတင်သက်ဝင်မည်ဖြစ်ပြီး "နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များနှင့် နယ်စပ်ဝင်ထွက်ဂိတ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ (၁-၉-၂၀၂၃)" ကို အစားထိုးမည်ဖြစ်ပါသည်။